**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၄၆ / ၂၀၂၃
ရက်စွဲ၊၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၇.၁၂.၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)ထွေ(၁၂/၁၂၁)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၁၉.၁၂.၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SSE/NM/၄၅/၂၀၂၃

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ Sriharikota အခြေစိုက် Satish Dhawan Space Centre SHARE အာကာသစခန်းမှ POLAR SATELLITE LAUNCH VEHICLE (PSLV–C58) ဂြိုလ်တုတင်ယာဉ်အား ၂၈-၁၂-၂၀၂၃ ရက်မှ ၁၆-၁-၂၀၂၄ ရက်အတွင်း မြန်မာစံတော်ချိန် (၀၈:၃၀) နာရီမှ (၁၂:၃၀) နာရီအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း ရည်ညွှန်းချက်(၂) ပါစာဖြင့် ရေကြောင်းသတိပေးချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အိန္ဒိယနိုင်ငံမှ POLAR SATELLITE LAUNCH VEHICLE (PSLV–C58) ပစ်လွှတ်ခြင်းကို ၁-၁-၂၀၂၄ ရက်နေ့မှ ၃-၁-၂၀၂၄ ရက်နေ့အတွင်း နေ့စဉ် မြန်မာစံတော်ချိန် (၀၈:၃၀) နာရီမှ (၁၂:၃၀) နာရီအတွင်း သင့်လျော်သည့်ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် ၄-၁-၂၀၂၄ ရက်နေ့မှ ၂၆-၁-၂၀၂၄ ရက်နေ့အတွင်းကို အရန်ရက်အဖြစ် သတ်မှတ်ထား ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အန္တရာယ်ရှိသည့်ဇုန် (၅)ခု ပါဝင်ပြီး ဇုန်အမှတ် (၅) မှာ မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

၃။ အန္တရာယ်ဇုန် (၅) ဧရိယာအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

| Point | Latitude (N) | Longitude (E) |
|---|---|---|
| A | 09° 35′ | 94° 50′ |
| B | 10° 30′ | 95° 05′ |
| C | 10° 15′ | 95° 55′ |
| D | 09° 20′ | 95° 40′ |

၄။ သို့ဖြစ်ပါ၍ ၁-၁-၂၀၂၄ ရက်နေ့မှ ၂၆-၁-၂၀၂၄ ရက်နေ့အတွင်း မြန်မာစံတော်ချိန် (၀၈:၃၀) နာရီ မှ (၁၂:၃၀) နာရီအတွင်း အထက်ဖော်ပြပါ အန္တရာယ်ဇုန်(၅) ဧရိယာ၌ ယာဉ်အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့်သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွား ရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့်

စက်တပ်သမ္ဘန်များ ၎င်းတည်နေရာ၌ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုကြပါရန်နှင့် အဆိုပါရေယာဉ်အနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)